
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# ဟိုရှေးရှေးတုန်းက မေ့ရင်သွေး

## ပုံပြင်များ

တက္ကသိုလ်ရွှေရီဝင်း



mgyoe.com

mgyoe.com



# ဟိုရှေးရှေးတုန်းက မေ့ရင်သွေး

ပုံပြင်များ တက္ကသိုလ်ရွှေရီဝင်း

ISBN 9789997113511
SYW8
9 789997 113511
1,000.00KS

mgyoe.com

ဟို ရှေးရှေးတုန်းက မေ့ရင်သွေးပုံပြင်များ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၃၀၀၂၂၀၆၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃၀၀၂၀၀၂၁၁ တို့ဖြင့်

မျက်နှာဖုံးပုံ Ba Htay Kyi ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ရိုက်နှိပ်ကာ ၂၀၁၁ ခုနှစ်၊ မတ်လတွင် တန်ဖိုး 1000 K ဖြန့်ချိသည်။

၃၉၈.၂

ရွှေရိဝင်း၊ တက္ကသိုလ်

ဟိုရှေးရှေးတုန်းကမေ့ရင်သွေးပုံပြင်များ ၊ တက္ကသိုလ်ရွှေရိဝင်း - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။

စာမျက်နှာ ၇၈ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀ စင်တီ

(၁) ဟိုရှေးရှေးတုန်းကမေ့ရင်သွေးပုံပြင်များ

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | မြို့ကြွက်နှင့် လယ်ကြွက် | ၁ |
| ၂။ | အညိုရောင် ဂျင်ဂျာမုန့်ရုပ်လေး | ၄ |
| ၃။ | ဉာဏ်မရှိသော နွားနို့သည်လေး | ၈ |
| ၄။ | အရုပ်ဆိုးသော ဘဲကလေး | ၁၀ |
| ၅။ | ဝက်ဝံသုံးကောင် | ၁၇ |
| ၆။ | တောင်ဆိတ်သုံးကောင် | ၂၁ |
| ၇။ | အဘွားအိုလေး | ၂၃ |
| ၈။ | ကြွက်မနှင့် မြေခွေးသားအမိ | ၂၅ |
| ၉။ | မိုးပြိုမှာစိုးသော ကြက်ကလေးပိစိ | ၂၉ |
| ၁၀။ | ဝံပုလွေနှင့် ဆိတ်ကလေးများ | ၃၂ |
| ၁၁။ | လူပျင်းကလေးမောင်ဂျက် | ၃၇ |
| ၁၂။ | သိုးကျောင်းသားလေးနှင့် ဝံပုလွေ | ၄၁ |
| ၁၃။ | မြေခွေးနှင့် ကျီး | ၄၄ |
| ၁၄။ | ကြွက်နီမလေး | ၄၆ |
| ၁၅။ | ဆန္ဒသုံးခု | ၄၉ |
| ၁၆။ | ကောက်ရိုးမျှင်၊ မီးသွေးနှင့် ပဲစေ့ | ၅၃ |
| ၁၇။ | အဘွားအိုနှင့် စကားနားမထောင်သော ဝက်ကလေး | ၅၅ |
| ၁၈။ | ဉာဏ်မရှိသော သူသုံးယောက် | ၆၀ |
| ၁၉။ | ယုန်နှင့် လိပ် | ၆၅ |
| ၂၀။ | ခြင်္သေ့နှင့် ကြွက်ကလေး | ၆၇ |
| ၂၁။ | ဝက်ကလေးသုံးကောင် | ၆၉ |
| ၂၂။ | လိုတရဆန်ပြုတ်အိုး | ၇၄ |
| ၂၃။ | ရွှေဥဥသော ဘဲငန်း | ၇၇ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မြို့ကြွက်နှင့် လယ်ကြွက်

ဟိုးရှေးရှေးတုန်းက အလွန်ပျော်ပျော် နေတတ်တဲ့ ကြွက်ကလေးတစ်ကောင်ရှိ တယ်။ သူဟာ လယ်တောထဲမှာ ကြီးပြင်း တာဖြစ်လို့ သူ့ကို လယ်ကြွက်မလို့ ခေါ် တယ်။ သူဟာ အလွန်ကျယ်ဝန်းတဲ့ ဂျုံခင်း ထဲမှာ နေတယ်။

နွေရာသီရောက်ရင် သူဟာ ဂျုံခင်းထဲ က ဂျုံစေ့တွေ ဒါမှမဟုတ် လယ်သမားကြီး ထမင်းဘူးထဲက ပေါင်မုန့်အကြွင်းအကျန်တွေ ကို စားတယ်။ တကယ်လို့ ရာသီဥတု အေး လာရင် သူဟာ လယ်သမားကြီးရဲ့ မီးဖို ချောင်ကြမ်းပြင်မှာ ကျနေတဲ့ ကိတ်မုန့်အစ တွေ၊ ပေါင်မုန့်နဲ့ ဒိန်ခဲအစတွေကို စားတတ် တယ်။ နောက် အဲဒီ စားကြွင်းစားကျန်တွေ ထဲက ပိုတာတွေကို သူ့ရဲ့ ကြွက်တွင်းထဲမှာ သိုလှောင်ထားတယ်။ ဒါမှလည်း ဆောင်း တွင်းမှာ အပြင်ကိုထွက်ပြီး အစာမရှာနိုင်ရင် အဲဒီ စုဆောင်းထားတဲ့ အစာတွေကို စားရမှာ ဖြစ်တယ်။

ဒီလိုနဲ့ ဆောင်းရာသီရဲ့ နေ့တစ်နေ့မှာ မြို့မှာနေတဲ့ လယ်ကြွက်မလေးရဲ့ အမျိုးတော် တဲ့ ကြွက်မလေးဟာ သူ့ဆီ လာလည်တယ်။ မတွေ့တာကြာတဲ့ သူတို့နှစ်ယောက်ဟာ စကားတွေ အကြာကြီး ပြောကြတယ်။ ပြီး တော့မှ လယ်ကြွက်မက သူ့အစားအစာတွေ သိုလှောင်ထားတဲ့ အထပ်ခိုးလေးကို ခေါ်ပြ တယ်။ သူပြတဲ့ စားစရာတွေကတော့ ဒိန်ခဲ အစအနတွေ၊ ပေါင်မုန့်တွေ၊ ကိတ်မုန့်အပိုင်း အစတွေ အများကြီးပါပဲ။





မြို့ကြွက်မက လယ်ကြွက်မ ကျွေးတဲ့ မုန့်တွေကို အားရပါးရ စားသောက်တယ်။ ပြီးတော့မှ သူ့ပါးစပ်ကို လက်နဲ့သုတ်လိုက်ပြီး အခုလိုပြောတယ်။

"ရှင်ဟာ သိပ်သနားဖို့ ကောင်းတာပဲ။ ရှင် ဒီလိုပဲ ဒီအထပ်ခိုးလေးမှာ စားကြွင်းစားကျန်တွေ စားပြီးနေတော့မှာလား။ ရှင် ကျွန်မနဲ့ မြို့ကိုလိုက်ခဲ့ပါလား။ ရှင့်ကို အစားကောင်း အသောက်ကောင်းတွေနဲ့ ဧည့်ခံပါ့မယ်"လို့ ပြောတယ်။

လယ်ကြွက်မဟာ မြို့ကြွက်မ ပြောလိုက်တဲ့စကားကြောင့် သိပ်ကိုရှက်သွားတယ်။ သူ့ရဲ့ အိမ်လေးကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိတယ်။ ဒါနဲ့ မြို့ကြွက်မနဲ့ မြို့ကိုလိုက်လည်ဖို့ ဆုံးဖြတ်လိုက်တယ်။

မြို့ကြွက်မဟာ သူနေတဲ့ မြို့က တိုက်အိမ်ကြီးဆီကို ခေါ်သွားတယ်။ သူနေတဲ့ တိုက်အိမ်ကြီးမှာ လှေကားထစ်တွေ အများကြီးရှိတယ်။ အဲဒီ များပြားလှတဲ့ လှေကားထစ်တွေကို ကျော်လွန်ပြီး ထမင်းစားခန်းတစ်ခုဆီကို ခေါ်သွားတယ်။

မြို့ကြွက်မနေတဲ့ အိမ်အကြီးကြီးရဲ့ အရှင်သခင်ဟာ သိပ်ကိုချမ်းသာတယ်။ သူတို့နှစ်ကောင် ထမင်းစားခန်းထဲ ဝင်သွားတဲ့ အချိန်မှာ အိမ်ရှင်မိသားစုဟာ ညစာစားနေကြတယ်။ ဒါကြောင့် ကြွက်ကလေးနှစ်ကောင်ဟာ သူတို့ကို မမြင်အောင် တံခါးကြားထဲမှာ ပုန်းနေလိုက်ကြတယ်။

မြို့ကြွက်မက "ငြိမ်ငြိမ်လေးနေနော်၊ တော်ကြာ သူတို့ စားပြီးသွားရင် ကျန်တဲ့ အစားအစာတွေအားလုံး တို့ စားကြမယ်"လို့ ပြောတယ်။

လယ်ကြွက်မက သူ့တစ်သက်မှာ ဒီလောက်များပြားတဲ့ အစားအစာတွေကို တစ်ခါမှ မမြင်ဖူးလို့ မျက်လုံးကြီးပြူးပြီး ကြည့်နေတယ်။ ဒါကြောင့် မြို့ကြွက်မပြောသလို ငြိမ်ငြိမ်လေးနေတယ်။

မြို့ကြွက်မကတော့ ထမင်းစားခန်းကို သေသေချာချာ လေ့လာနေတယ်။ အိမ်ရှင်တွေအားလုံး ထသွားတော့မှ "လာဟေ့"လို့ လယ်ကြွက်မကို အချက်ပေးတယ်။ မြို့ကြွက်မဟာ ဘေးဘီကို သေချာလေ့လာပြီး ထမင်းစားခန်းထဲကို ဝင်ခဲ့တယ်။ ပြီးတော့ ကုလားထိုင်ပေါ် တက်၊ ကုလားထိုင်ပေါ်ကနေ စားပွဲပေါ် တက်လိုက်တယ်။

mgyoe.com

လယ်ကြွက်မဟာ စားပွဲပေါ်က စားဖွယ်သောက်ဖွယ်တွေကို တစ်ခုချင်း ကြည့်ပြီး သဘောကျပြီး သွားရည်တွေ တမျှားမျှား ကျလာတယ်။

သူက မလိုင်ခဲတစ်ခုကို ကိုက်လိုက်ပြီး "ဟာ သိပ်ကောင်းတာပါပဲလား"လို့ ပြောလိုက်တယ်။ မြို့ကြွက်မကိုလည်း "ရှင်က ဒီမှာ မင်းသမီးလေးလို နေရတာပါလား"လို့ လှမ်းပြောလိုက်တယ်။

လယ်ကြွက်မဟာ လောဘတကြီးနဲ့ အစားအသောက်တွေကို အားရပါးရ စားနေတုန်း ကြောင်တစ်ကောင်ဟာ စားပွဲပေါ် ရောက်လာတယ်။ အဲဒီကြောင်မရဲ့ နောက်က ပါလာတာကတော့ ယောက်ချိုဇွန်းကြီး ကိုင်ပြီး လိုက်လာတဲ့ ထမင်းချက် အဒေါ်ကြီး ဖြစ်တယ်။

ထမင်းချက်အဒေါ်ကြီးရဲ့ နောက်ကနေ လိုက်လာတာကတော့ ကြောက်စရာ ခွေးကြီးနှစ်ကောင်ဖြစ်တယ်။

ထမင်းစားခန်းထဲမှာ ဟိန်းသံဟောင်သံတွေ၊ အော်သံတွေ ဆူညံသွားတယ်။ အဲဒီလို အခြေအနေကြားကနေ ကြွက်နှစ်ကောင်ဟာ ကြမ်းပေါ်ကို မြန်မြန်ဆန်ဆန် ခုန်ဆင်းပြီး ကြွက်တွင်းပေါက်ထဲကို ဝင်ပြေးကြတယ်။ ကြွက်တွင်းထဲရောက်တော့ မြို့ကြွက်မက "ခဏလောက်နားလိုက်ပါဦး။ အသံတွေတိတ်တော့မှ နောက်တစ်ခေါက်ထွက်ပြီး စားကြတာပေါ့"လို့ ပြောတယ်။

ဒါပေမဲ့ လယ်ကြွက်မက မြို့ကြွက်မရဲ့ စကားကို နားမထောင်တော့ဘဲ ခေါင်းခါပြီး



ငြင်းလိုက်တယ်။ ပြီးတော့ အခုလိုပြောလိုက်တယ်။

"ရှင်ပြောသလို ကျွန်မတို့ အသံဗလံတွေ တိတ်တဲ့အထိ စောင့်ကြတာပေါ့။ အသံတွေ တိတ်သွားရင် ကျွန်မတော့ လယ်တောဆီကို မြန်နိုင်သမျှ မြန်အောင်ပြေးပြီး သွားတော့မယ်။ ရှင်က ဒီအစားအစာတွေကို မက်မောပြီး ကျေနပ်နေတာကိုး။ ကျွန်မကတော့ လယ်ကွင်းထဲက အခြောက်အခြမ်း၊ စားကြွင်းစားကျန်တွေကိုပဲ ပိုပြီးနှစ်သက်ပါတယ်"

လယ်ကြွက်မလေးဟာ စိတ်လက်ပေါ့ပါးစွာနဲ့ လယ်ကွင်းရှိရာတောကို ပြန်သွားတယ်။ မြို့ကြွက်မကလေးကတော့ လယ်ကြွက်မကို နားမလည်နိုင်ဘဲ ငေးပြီး ကျန်ရစ်တယ်။

❐

mgyoe.com

mgyoe.com

(၁)

# အညိုရောင် ဂျင်ဂျာမုန့်ရုပ်ကလေး

ဟိုးရှေးရှေးတုန်းက သစ်ပင်တွေ ထူထပ်စွာပေါက်တဲ့ သစ်တောတစ်ခု ရှိတယ်။ အဲဒီ သစ်တောထဲက အိမ်အိုအိုကြီးထဲမှာ အဘိုးအိုတစ်ယောက်နဲ့ အဘွားအိုတစ်ယောက် နေကြတယ်။ သူတို့နှစ်ယောက်ဟာ ကျန်းမာပျော်ရွှင်စွာနဲ့ နေကြတယ်။ ဒါပေမဲ့ သူတို့မှာ ကလေးမရှိဘူး။ ဒါကြောင့် သူတို့ နှစ်ယောက်စလုံး ကလေးတစ်ယောက်လောက် လိုချင်တယ်။

တစ်နေ့မှာတော့ အဘိုးအိုက တောထဲမှာ ထင်းသွားခုတ်တယ်။ အဘွားအိုက အဘိုးအို စားဖို့ မုန့်ဖုတ်ရန် ပြင်နေတယ်။ သူဟာ ဂျင်ဂျာမုန့်ဖုတ်ဖို့ ပြင်ဆင်ရင်း "ငါ အဘိုးကြီးအတွက် အညိုရောင်ဂျင်ဂျာရုပ်လေး ဖုတ်ပေးမယ်"လို့ တစ်ယောက်တည်း ပြောလိုက်တယ်။

ဒါနဲ့ အဘွားအိုဟာ ချင်းအနံ့နဲ့ မွှေးနေအောင် စီမံထားတဲ့ ဂျုံတွေကို မုန့်ဖုတ်ဖို့ နယ်တယ်။ ပြီးတော့မှ အဲဒီဂျင်ဂျာဂျုံတွေနဲ့ လူရုပ်လုံးဖော်လိုက်တယ်။ သူ ပုံဖော်ထားတဲ့ ဂျင်ဂျာရုပ်ကလေးရဲ့ မျက်လုံး၊ ပါးစပ်နဲ့ နှာခေါင်းတို့နေရာမှာ စပျစ်သီးခြောက်တွေနဲ့ အလှဆင်တယ်။ ဂျင်ဂျာရုပ်ရဲ့ ကိုယ်ပေါ်မှာ ကြယ်သီးပေါက် သုံးပေါက် ဖောက်လိုက်တယ်။ ပြီးတော့မှ သူ့ရဲ့ လက်ကလေးနဲ့ သပ်လိုက်ပြီး မုန့်ဖုတ်တဲ့ မီးဖိုထဲကို ထည့်လိုက်တယ်။

အဘွားအိုဟာ ဂျင်ဂျာမုန့်လေး ကျက်လောက်တဲ့အချိန်မှာ မုန့်ဖိုလေးကို နည်းနည်းလေးဖွင့်ပြီး ချောင်းကြည့်တယ်။ ပြီးတော့ သူ့လက်ကလေးနဲ့ ဂျင်ဂျာရုပ်ကလေးကို ကိုင်ကြည့်မလို့လုပ်တယ်။ အဲဒီအခါမှာ ဂျင်ဂျာရုပ်ကလေးဟာ မီးဖိုထဲက ထွက်လာပြီး မီးဖိုခန်းက ကြမ်းပြင်ပေါ်ကို ခုန်ချတယ်။ ပြီးတော့ မီးဖိုကြမ်းပြင်ကနေ တောထဲကို ထွက်ပြေးသွားတယ်။

mgyoe.com

mgyoe.com




အဘွားအိုဟာ ဂျင်ဂျာရုပ်ကလေး နောက်ကို ပြေးလိုက်ပြီး ပါးစပ်ကနေ "ပြန်လာခဲ့၊ ပြန်လာခဲ့"လို့ အော်တယ်။ ဒါပေမဲ့ ဂျင်ဂျာရုပ်ကလေးဟာ တဟားဟားရယ်ပြီး အခုလို ပြန်ပြောတယ်။

"ခင်ဗျား မြန်မြန်လိုက်ခဲ့လေ၊ ကျွန်တော့်ကို ခင်ဗျား မဖမ်းနိုင်ပါဘူး။ ကျွန်တော်က ဂျင်ဂျာရုပ်ဗျ"

သူပြောတာ မှန်ပါတယ်။ အဘွားအိုဟာ ဂျင်ဂျာရုပ်ကို မီအောင်မလိုက်နိုင်ဘူး။

အဲဒီအချိန်မှာ သစ်တောထဲက အဘိုးအိုဟာ ဂျင်ဂျာရုပ်ကလေး သူ့ကိုဖြတ်ပြီး ပြေးသွားတာ တွေ့တယ်။ အဲဒီဂျင်ဂျာရုပ်ရဲ့ နောက်က အဘွားအိုဟာ အပြေးလေးလိုက်နေတာကိုလည်း တွေ့တယ်။

ဒီတော့ အဘိုးအိုက "ပြန်လာခဲ့၊ ပြန်လာခဲ့"လို့ အော်တယ်။

ဂျင်ဂျာရုပ်က အဘိုးအိုရဲ့စကားကို ဂရုမစိုက်ဘဲ တဟားဟားနဲ့ရယ်ပြီး အခုလိုပြန်ပြောတယ်။

"ခင်ဗျား မြန်မြန်လိုက်ခဲ့လေ၊ ကျွန်တော့်ကို ခင်ဗျား မဖမ်းနိုင်ပါဘူး၊ ကျွန်တော်က ဂျင်ဂျာရုပ်ဗျ၊ ကျွန်တော် အဘွားအိုလက်က လွတ်အောင်ပြေးနိုင်တယ်၊ ဒီတော့ခင်ဗျားလက်ကလည်း လွတ်အောင်ပြေးနိုင်တယ်၊ ပြေးနိုင်တယ်၊ ပြေးနိုင်တယ်"

ဂျင်ဂျာရုပ်ကလေးဟာ စကားဆုံးတာနဲ့ သစ်တောထဲ တစ်ချိုးတည်း ပြေးဝင်သွားတယ်။

စားစရာ သစ်သီးသစ်ရွက်တွေ သယ်လာတဲ့ ယုန်ကလေးဟာ သူ့ရှေ့ကနေ ဂျင်ဂျာရုပ်ကလေး ဖြတ်ပြီးပြေးသွားတာတွေ့လိုက်တယ်။ ဂျင်ဂျာရုပ်လေးဆီက မွှေးလှတဲ့ မုန့်နံ့ကြောင့် ယုန်ကလေးဟာ ဗိုက်ဆာလာတယ်။

ဒါကြောင့် "ဟေ့ ပြန်လာခဲ့၊ ပြန်လာခဲ့" လို့ အော်ခေါ်လိုက်တယ်။

ဂျင်ဂျာရုပ်က အားရပါးရနဲ့ တဟားဟားရယ်ပြီး အခုလိုပြန်ပြောတယ်။

"ခင်ဗျား မြန်မြန်လိုက်ခဲ့လေ၊ ကျွန်တော့်ကို ခင်ဗျား မဖမ်းနိုင်ပါဘူး၊ ကျွန်တော်က ဂျင်ဂျာရုပ်ဗျ၊ ကျွန်တော်က အဘွားအိုရော အဘိုးအိုရောလက်က လွတ်အောင်ပြေးနိုင်တယ်၊ ဒီတော့ ခင်ဗျားလက်ကလည်း လွတ်အောင်ပြေးနိုင်တယ်... ပြေးနိုင်တယ်... ပြေးနိုင်တယ်"

ယုန်ကလေးဟာ သူ့ရဲ့ အမြန်ဆုံး

mgyoe.com

အလျင်နဲ့ ဂျင်ဂျာရုပ်ရဲ့နောက်ကို ပြေးလိုက်တယ်။ ဒါပေမဲ့ မမိဘူး။ ဒီတော့ ဂျင်ဂျာရုပ်ကလေးဟာ တောနက်ထဲကို အပြေးလေး ဝင်သွားတယ်။

ပျားရည်လိုက်ရှာနေတဲ့ ဝက်ဝံလေးဟာ နှာခေါင်းတရှုံ့ရှုံ့နဲ့ အလုပ်ရှုပ်နေတယ်။ အဲဒီ အချိန်မှာ သူ့ရှေ့က ဂျင်ဂျာရုပ်လေး ဖြတ်ပြီး ပြေးသွားတော့ သူ့ရဲ့ အနီရောင်လျှာကြီးဟာ ဆာလွန်းလို့ သွားရည်တမျှားမျှားနဲ့ ထွက်လာတယ်။

သူက "ပြန်လာခဲ့၊ ပြန်လာခဲ့"လို့ အော်ခေါ်တယ်။

ဂျင်ဂျာရုပ်ကတော့ တဟားဟားနဲ့ ရယ်ပြီး အခုလို ပြန်ပြောတယ်။

"ခင်ဗျား မြန်မြန်လိုက်ခဲ့လေ၊ ကျွန်တော့်ကို ခင်ဗျား မဖမ်းနိုင်ပါဘူး။ ကျွန်တော်က ဂျင်ဂျာရုပ်ဗျ။ ကျွန်တော်ဟာ အဘွားအိုရယ်၊ အဘိုးအိုရယ်၊ ယုန်ကလေးရယ်ဆီက လွတ်အောင်ပြေးနိုင်တယ်။ ဒီတော့ ခင်ဗျား လက်ကလည်း လွတ်အောင်ပြေးနိုင်တယ်၊ ပြေးနိုင်တယ်... ပြေးနိုင်တယ်"

ဝက်ဝံလေးဟာ မခံချင်စိတ်နဲ့ ဂျင်ဂျာရုပ်ကို မိအောင်အပြေးလေး လိုက်ခဲ့တယ်။ ဒါပေမဲ့ သူလိုက်လို့ မမီပါဘူး။ ဒါနဲ့ ဂျင်ဂျာရုပ်လေးဟာ တောနက်ကြီးထဲ ဝင်သွားတယ်။

အဲဒီအချိန်မှာ သားကောင်ချောင်းနေတဲ့ မြေခွေးဟာ ဂျင်ဂျာရုပ်လေး သူ့ရှေ့က ဖြတ်ပြေးတာမြင်လိုက်တယ်။ သားကောင်ကို တွေ့ရလို့ သူ့မျက်လုံးနှစ်လုံးဟာ ပြူးကျယ်ပြီး လာတယ်။

သူ့ပါးစပ်ကနေ "မင်းကို မိအောင်ဖမ်းမယ်"လို့ အော်ပြောလိုက်တယ်။

ဂျင်ဂျာရုပ်လေးကတော့ တဟားဟား ရယ်ပြီး အခုလို ပြန်ပြောတယ်။

"ခင်ဗျား မြန်မြန်လိုက်ခဲ့လေ၊ ကျွန်တော့်ကို ခင်ဗျား မဖမ်းနိုင်ပါဘူး၊ ကျွန်တော်က ဂျင်ဂျာရုပ်ဗျ၊ ကျွန်တော်ဟာ အဘွားအိုရယ်၊ အဘိုးအိုရယ်၊ ယုန်ကလေးရယ်၊ ဝက်ဝံလေးရယ်ဆီကနေ လွတ်အောင်ပြေးနိုင်တယ်၊ ဒီတော့ ခင်ဗျား လက်ကလည်း လွတ်အောင် ပြေးနိုင်တယ်၊ ပြေးနိုင်တယ်... ပြေးနိုင်တယ်"

ကောက်ကျစ်တဲ့ မြေခွေးက ဂျင်ဂျာရုပ်လေးရဲ့ နောက်က ပြေးမလိုက်ဘဲ ချိုချိုသာသာလေးနဲ့ အခုလိုပြောလိုက်တယ်။

"ငါ မင်းကို မဖမ်းချင်ပါဘူး ဂျင်ဂျာရုပ်ရယ်။ ဒါပေမဲ့ ဟိုရှေ့မှာ မြစ်ရှိတယ်လေ တွေ့တယ်မဟုတ်လား။ မင်း အဲဒီမြစ်ရဲ့ တစ်ဖက်ကို ရောက်အောင်သွားမှ အဘွားအို






ရယ်၊ အဘိုးအိုရယ်၊ ယုန်ကလေးရယ်နဲ့ ဝက်ဝံလေးတို့ရဲ့လက်က လွတ်မှာပေါ့။ ဒီတော့ ငါက အဲဒီမြစ်ကိုကူးဖို့ ကူညီပေးမယ်။ မင်း ငါ့ရဲ့အမြီးပေါ်မှာထိုင်ပြီး လိုက်ခဲ့ရုံပါပဲ"လို့ ပြောတယ်။

ဂျင်ဂျာရုပ်လေးက "မင်းက သိပ်သဘောကောင်းတဲ့ မြေခွေးပဲ။ ခင်ဗျားရဲ့ အမြီးပေါ်မှာထိုင်ပြီး လိုက်ရမှာဆိုတော့ခင်ဗျား ပါးစပ်နဲ့ဝေးလို့ ကျွန်တော့်ကို ခင်ဗျား ရန်မမူနိုင်တာ သေချာတယ်။ ကောင်းပြီ ကျွန်တော် လိုက်ခဲ့ပါ့မယ်"လို့ ပြောလိုက်တယ်။

ဂျင်ဂျာရုပ်လေးဟာ ပထမဆုံး မြေခွေးရဲ့ အမြီးပေါ်ထိုင်တယ်။ ဒါပေမဲ့ မြေခွေးက "ခင်ဗျားအမြီးမှာထိုင်ရင် ရေစိုကုန်မှာပေါ့။ ကျုပ်ရဲ့ ကျောကုန်းပေါ်ထိုင်ပါ"လို့ ပြောတယ်။

ဒီတော့ ဂျင်ဂျာရုပ်လေးဟာ မြေခွေးရဲ့ ကျောပေါ်ကို ရွှေ့ပြီးထိုင်လိုက်တယ်။ မြေခွေးဟာ သူ့ကျောကုန်းပေါ် ဂျင်ဂျာရုပ်လေး ရောက်တာနဲ့ မြစ်ကိုကူးဖို့ ပြင်ဆင်တယ်။ မြစ်ထဲရောက်တာနဲ့ မြေခွေးဟာ ရေနက်တဲ့ဘက်ကို ကူးသွားတယ်။

ပြီးတော့ "ငါ့ခေါင်းပေါ် ပြောင်းထိုင်လိုက်ပါ။ မဟုတ်ရင် မင်း ရေစိုလိမ့်မယ်"လို့ ပြောတယ်။

ဂျင်ဂျာရုပ်ကလေးဟာ ရေစိုမှာကြောက်တာနဲ့ မြေခွေးရဲ့ ခေါင်းပေါ်ကို ခုန်အတက်လိုက်မှာ မြေခွေးက ခေါင်းကိုမော့ပြီး ပါးစပ်ဟလိုက်တယ်။ ဒီတော့ကာ ဂျင်ဂျာရုပ်ကလေးဟာ မြေခွေးရဲ့ ပါးစပ်ထဲတည့်တည့် ရောက်သွားတယ်။

ဒါကတော့ ဂျင်ဂျာရုပ်လေးရဲ့ ဇာတ်လမ်းအဆုံးပါပဲ။

□

mgyoe.com

mgyoe.com


# ဉာဏ်မရှိသော နွားနို့သည်လေး



တစ်ခါတုန်းက နွားနို့သည်မိန်းကလေး တစ်ယောက်ဟာ နွားနို့ရောင်းဖို့ ဈေးကိုထွက်ခဲ့တယ်။ သူ့ခေါင်းပေါ်မှာတော့ နွားနို့အိုးကို ရွက်ထားတယ်။

အဲဒီလို ဈေးသွားရင်း လမ်းမှာ သူက အခုလို စဉ်းစားတယ်။

"ဒီနွားနို့တွေ ရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ ကြက်ဥဝယ်ရမယ်။ ကြက်ဥ ဘယ်နှလုံးလောက် ရမလဲ။ ဟင်း... ကြက်ဥအလုံးသုံးရာလောက် ရနိုင်တယ်။ အဲဒီကြက်ဥတွေထဲက ကြက်ကောင်လေး အနည်းဆုံး နှစ်ရာ့ငါးဆယ်လောက်ပေါက်မှာ သေချာတယ်။ ဒီကြက်ပေါက်စလေးတွေ ကြီးလာရင် ဈေးမှာသွားပြီး ရောင်းရမယ်။ ရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ အင်္ကျီလှလှလေးတွေဝယ်မယ်။ ဘယ်လိုအင်္ကျီမျိုးဝယ်ရင် ကောင်းမလဲ။ အရောင်က





ရော ဘာအရောင်ဝယ်ရင် ကောင်းမလဲ။ ငါနဲ့ အလိုက်ဆုံးက အပြာရောင်ပဲ။ ဒီတော့ အပြာရောင်ပဲ ဝယ်တာကောင်းမယ်။ အဲဒီအင်္ကျီ အသစ်လေးဝတ်ပြီး ပွဲဈေးကို လျှောက်လိုက်ရရင် ငါဟာ အလှဆုံးမိန်းကလေးတစ်ယောက်ဖြစ်မှာ သေချာတယ်။ ဒါဆိုရင် အဲဒီပွဲဈေးကို လာကြတဲ့ ကောင်လေးတွေက ငါ့နားမှာဝိုင်းပြီး သူတို့နဲ့တွဲကဖို့ ပြောကြလိမ့်မယ်။ ဒီလိုဆိုရင် ငါက ခပ်တည်တည်နဲ့ ခေါင်းခါလိုက်ပြီး သူတို့ကြားကနေ ထွက်လာမှာပေါ့"

နွားနို့သည် မိန်းကလေးဟာ အဲဒီလို စဉ်းစားမိပြီး သူ့ခေါင်းလေးကို ခါလိုက်တယ်။ အဲဒီအခါမှာ သူ့ခေါင်းပေါ်က နွားနို့ချိုင့်ဟာ စောင်းသွားပြီး မြေကြီးပေါ်ကျသွားတယ်။ ချိုင့်ထဲက နွားနို့တွေလည်း မြေကြီးပေါ် ဖိတ်ကုန်တယ်။ နွားနို့သည်လေးရဲ့ အိပ်မက်ဟာလည်း ပျောက်ကွယ်သွားတယ်။

ကြက်ကလေးတွေ မပေါက်ခင်မှာ ကြက်တွေကို ရေတွက်တာ မလုပ်ရဘူးဆိုတဲ့ စကားပုံရှိတယ်။

❒

mgyoe.com

mgyoe.com

# အရုပ်ဆိုးသော ဘဲလေး

နွေရာသီအချိန်တွေမှာ ကျေးလက်ဒေသတွေဟာ သာသာယာယာရှိတယ်။ တစ်ခုသော လယ်စိုက်ခင်းထဲက လယ်သမားကြီးရဲ့ အိမ်နားက သစ်ရွက်ခြောက်ပုံတွေထဲမှာ ဘဲမတစ်ကောင်ရဲ့ ဝပ်ကျင်းရှိပြီး ဘဲမတစ်ကောင်ဟာ ဝပ်နေတယ်။ သူ့ရဲ့ ဝပ်ကျင်းထဲမှာ ဥတွေ အများကြီးရှိတယ်။ အဲဒီ ဥတွေဟာ အချိန်တန်ရင် ဘဲကလေးတွေ ပေါက်လာမှာဖြစ်တယ်။ ဘဲမဟာ ဥတွေ ဥပြီး အခုလို ဥတွေပေါ်မှာထိုင်ပြီး ဝပ်နေတာ ကြာလှပြီဖြစ်တယ်။ ဒါကြောင့် ဘဲမဟာ ပင်ပန်းနေတယ်။

နောက်ဆုံးတော့ သူဝပ်နေတဲ့ ဘဲဥတွေဟာ တစ်ဥပြီးတစ်ဥ ကွဲအက်ပြီး ဘဲလေးတွေ ထွက်လာကြတယ်။ သူတို့ ပါးစပ်တွေကလည်း 'ကျလိ၊ ကျလိ၊ ကျလိ'နဲ့ အော်ပြီးနေတယ်။ ဥတွေထဲက ဘဲလေးတွေဟာ ခေါင်းလေးတွေ ပြူတစ်ပြူတစ်နဲ့ ထွက်လာကြတာဖြစ်တယ်။

ဘဲလေးတွေဟာ သူတို့ရဲ့ ဥအထဲကနေ ထွက်ပြီး အပြင်လောကကြီးကို တအံ့တသြကြည့်ပြီး "အပြင်လောကကြီးက အကျယ်ကြီးပါလား"လို့ ပြောကြတယ်။

သူတို့ရဲ့ မေမေ ဘဲမက "ဒါကို အပြင်လောကကြီးလို့ မင်းတို့ထင်ကြလား"လို့မေးတယ်။ ပြီးတော့မှ "ဒီအပြင်လောကရဲ့ ဟိုဘက်ကိုသွားရင် ပန်းခြံရဲ့ တစ်ဖက် အဝေးကြီးကို ရောက်သွားလိမ့်မယ်။ အဲဒီမှာမျက်စိတဆုံး ကြည့်လို့မကုန်နိုင်တဲ့ လယ်ကွင်းတွေရှိတယ်"လို့ပြောပြီး ဝပ်နေရာက ထလိုက်တယ်။ ပြီးတော့ သူ့ရဲ့ ဥတွေအားလုံး အကောင်ပေါက်ရဲ့လားလို့ တစ်ခုချင်းကို လိုက်ပြီး စစ်ဆေးတယ်။

"မင်းတို့အားလုံး စုံပြီလား။ ဟာ... မစုံသေးပါလား။ ဟိုမှာ ဥအကြီးကြီးတစ်လုံး ကျန်သေးတယ်။ သူ့ကို ဘယ်လောက်ကြာကြာဝပ်မှ ဘဲလေးထွက်လာမှာလဲ"

မေမေ ဘဲမဟာ အဲဒီ မပေါက်သေးတဲ့

mgyoe.com



ဥပေါ်မှာ ဝပ်လိုက်ပြီး သူ့ကလေးလေးဥထဲက ထွက်လာမယ့်အထိ စောင့်နေတယ်။

နောက်ဆုံးမှာတော့ အဲဒီဥ အကြီးကြီးဟာ အက်ကွဲပြီး 'ကျလိ… ကျလိ… ကျလိ' လို့ အသံတွေအော်မြည်ပြီး ဘဲလေးထွက်လာတယ်။ နောက်ဆုံးဥကြီးထဲက ထွက်လာတဲ့ဘဲဟာ အကောင်ကြီးထွားပြီး အရုပ်လည်းဆိုးတယ်။ မေမေဘဲမဟာ သူ့သားကိုကြည့်ပြီး အခုလိုပြောတယ်။

"ဒီဘဲက အကောင်သိပ်ထွားတာပဲ။ တခြားဘဲတွေနဲ့လည်း မတူဘူး။ ဒါဆိုရင် ဒီဘဲဟာ ငါ့သားမှဟုတ်ရဲ့လား။ ကြက်ဆင်လေးများ ဖြစ်နေမလား။ သူ ရေကူးတတ်လား။ မတတ်ဘူးလား ကြည့်ရမှာပဲ"

မေမေ ဘဲမကြီးဟာ သူ့မိသားစုကို ရေစပ်ဆီကို ခေါ်သွားတယ်။ ရေစပ်ရောက်တာနဲ့ မေမေဘဲမက ရှေ့ဆုံးက ရေထဲကို ဆင်းပြီး ပါးစပ်ကလည်း "ကွပ်ကွပ်… ကွပ်ကွပ်"လို့အော်ပြီး သူ့ကလေးတွေကို ရေထဲခေါ်သွားတယ်။ သူ့ကလေး ဘဲလေးတွေရဲ့ နောက်ဆုံးက ရေထဲကူးတာကတော့ အရုပ်ဆိုးတဲ့ မီးခိုးရောင် ဘဲကြီးပဲ ဖြစ်တယ်။

မေမေဘဲမဟာ သူ့ကလေး အရုပ်ဆိုးတဲ့ ဘဲကြီး ရေကူးတာကိုကြည့်ပြီး "သူ ကြက်ဆင်မဟုတ်တာ သေချာပါတယ်"လို့ ပြောတယ်။ ဆက်ပြီး "ကြည့်ပါဦး သူ့ခြေထောက်လေးတွေနဲ့ ရေကိုယက်ပြီး ခေါင်းလေးမော့ပြီး ရေကူးတာ ဘယ်လောက်လှလိုက်လဲ။ သူဟာ ငါ့ရဲ့ကလေးပါပဲ။ သူက ဒီလောက်အရုပ်မဆိုးပါဘူး။ ကိုယ်ခန္ဓာ နည်းနည်းထွားတာလေးပဲ ရှိတာပါ"လို့ပြောတယ်။

မေမေဘဲမကြီးနဲ့ သူ့ကလေးတွေဟာ ရေကန်ထဲကနေ သူတို့ဘဲတွေ စုဝေးနေထိုင်တဲ့နေရာကို ခေါ်သွားတယ်။ အဲဒီကိုရောက်တော့ မေမေဘဲမကြီးက သူ့ကလေးတွေကို ပြည်သူ့နီတိ သင်ခန်းစာတွေ သင်ပေးတယ်။

"ခြေထောက်ကိုသုံးပြီး သွားရတယ်။ ကွပ်ကွပ်လို့ အော်ရင်လည်း အသံသာသာလေးဖြစ်အောင် ကြိုးစားပြီးအော်။ ဟိုမှာတွေ့လား။ အဲဒါ အသက်အကြီးဆုံး ဘဲကြီးပဲ။ သူ့ကို ခေါင်းညွတ်ပြီး အရိုအသေပေးသွားကြ"

ဘဲလေးတွေဟာ သူ့မေမေဘဲမ ပြောတာကို သေသေချာချာ နားထောင်ပြီး အရိုအသေပေးကြတယ်။ ဒါပေမဲ့ အဲဒီရေကန်မှာ

ရောက်နှင့်နေတဲ့ ဘဲတွေက သူတို့နဲ့မတူဘဲ အရုပ်ဆိုးတဲ့ ဘဲလေးကိုကြည့်ပြီး မကျေမနပ် ဖြစ်ကြတယ်။

"ကြည့်ပါဦး။ ခင်ဗျားတို့က မျိုးနွယ် တူတွေမို့ လာပြီးပေါင်းတာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ ဒီလောက်ရုပ်ဆိုးတဲ့ ဘဲကိုတော့ ကျွန်တော်တို့ မျိုးနွယ်တူလို့ လက်မခံနိုင်ဘူး" လို့ ပြောကြတယ်။ အဲဒီလိုပြောရုံသာမက ဘဲအုပ်စုထဲက ဘဲတစ်ကောင်က အရုပ်ဆိုးတဲ့ ဘဲကလေးကို နှုတ်သီးနဲ့ဆိတ်တယ်။

အဲဒီအခါမှာ အသက်အကြီးဆုံး ဘဲအို ကြီးက "ဒီမိသားစုဝင်တွေအားလုံး ဒီအရုပ် ဆိုးလေးကလွဲရင် လှကြပါတယ်။ ဒီရုပ်ဆိုး လေးကို လှအောင်လုပ်လို့မရတာ စိတ် မကောင်းစရာဘဲ"လို့ ပြောတယ်။

မေမေဘဲမက "ဒီကလေးက မလှတာ ဟုတ်ပါတယ်။ ဒါပေမဲ့ သူဟာ သိပ်လိမ္မာတဲ့ ကလေးပါ။ သူဟာ တခြားဘဲတွေလိုပဲ ရေ ကူးတဲ့အခါ လှလှလေး ကူးတတ်ပါတယ်" လို့ပြောတယ်။

ပြီးတော့ အရုပ်ဆိုးတဲ့ ဘဲလေးရဲ့ခေါင်း ကို ပုတ်လိုက်ပြီး "နောက်ပြီး သူဟာ အထီး လေးဖြစ်လို့ သူ့အတွက် မလှတာစိုးရိမ်စရာ မရှိပါဘူး။ သူဟာ သန်မာတဲ့ ကလေးတစ် ယောက်လို့ ကျွန်မ ယုံကြည်တယ်။ ဒီလော ကကြီးကို သူ သတ္တိရှိရှိ ရင်ဆိုင်နိုင်မယ်လို့ ထင်ပါတယ်"လို့ ပြောတယ်။

နောက်ပိုင်းမှာတော့ ဘဲတွေ ပျော်စံတဲ့ ကန်ထဲမှာ မေမေဘဲမဟာ သူ့ကလေးတွေနဲ့ ပျော်ပျော်ပါးပါး နေထိုင်ကြတယ်။ သူ့ ကလေးတွေအားလုံးတော့ မဟုတ်ပါဘူး။ နောက်ဆုံးမှ ဥထဲကထွက်လာတဲ့ ဘဲရုပ်ဆိုး လေးအတွက်ကတော့ တခြားဘဲတွေ ကြက် တွေရဲ့ ဆိတ်တာ၊ ထိုးတာ နောက်ပြောင်တာ ခံရတယ်။ နောက်ပြီး ဘဲတွေကို အစာလာ ကျွေးတဲ့ ကလေးမလေးရဲ့ အကန်ကိုတောင် တစ်ခါတစ်ခါ ခံရတယ်။

အခြေအနေဟာ တစ်နေ့တခြား ဆိုးဝါး လာတယ်။ နောက်ဆုံးမှာ မေမေဘဲမတောင် သည်းမခံနိုင်တော့ဘဲ "မင်း ခပ်ဝေးဝေးသွား နေရင် ကောင်းလိမ့်မယ်"လို့ ပြောတဲ့အထိ ဖြစ်လာတယ်။



ဒါကြောင့် အရုပ်ဆိုးတဲ့ ဘဲလေးဟာ သူ့မေမေနဲ့ ဝေးတဲ့နေရာကို ပြေးသွားတယ်။



အဲဒီလို ဝေးနိုင်သမျှ ဝေးတဲ့နေရာကိုသွားလိုက်တာ နောက်ဆုံးမှာ တောဘဲတွေ နေထိုင်တဲ့ နွံအိုင်တွေဆီ ရောက်သွားတယ်။ အရုပ်ဆိုးတဲ့ ဘဲလေးဟာ သိပ်ကို ပင်ပန်းပြီး ကြောက်ရွံ့နေလို့ အဲဒီမှာ တစ်ညအိပ်လိုက်တယ်။

နောက်တစ်နေ့မနက်မှာတော့ ဘဲတွေဟာ သူတို့ဆီ ရောက်လာတဲ့ ဧည့်သည်ကို စူးစမ်းကြတယ်။

သူတို့က "မင်းက ဘာကောင်လဲ"လို့ စူးစမ်းတယ်။ "မင်းဟာ သိပ်ရုပ်ဆိုးတာပဲ။ ငါတို့အတွက်က အရုပ်ဆိုးတာ ကိစ္စမရှိပါဘူး။ မင်းက ရုပ်ဆိုးတော့ ငါတို့ဆီက တောဘဲမတွေက မင်းကို လက်ထပ်ကြမှာမဟုတ်ဘူး"လို့ ဆက်ပြောတယ်။

သနားစရာ အရုပ်ဆိုးဘဲလေးပါပဲ။ သူဟာ လက်ထပ်ဖို့ တစ်ခါမှ မစဉ်းစားခဲ့ပါဘူး။ သူ့ကို ဒီမှာနေခွင့်ပေးဖို့ရယ်၊ ဒီရွံ့ရေအိုင်ထဲက ရေကို သောက်ခွင့်ပေးဖို့ပဲ သူ စဉ်းစားနေတယ်။

အဲဒီတောဘဲတွေနဲ့ သူဟာ နှစ်ရက်လောက်နေခဲ့တယ်။ နှစ်ရက်ကျော်တာနဲ့ အားအင်ပြည့်လာပြီဖြစ်လို့ တောဘဲတွေ အရပ်ကနေ ဝေးနိုင်သမျှဝေးအောင် ပြေးခဲ့တယ်။

အဲဒီလိုပြေးရင်းနဲ့ တဲအိမ်လေးတစ်လုံးနားကို ရောက်သွားတယ်။ တဲအိမ်လေးဟာ စုတ်ချာလှပြီး အဝင်တံခါးမကလည်း ပတ္တာပြုတ်ပြီးနေတာ တွေ့ရတယ်။ သူဟာ အဲဒီတံခါးပေါက်ကနေ အိမ်ထဲကို တိတ်တိတ်လေးဝင်လာတယ်။ ပြီးတော့ အိမ်ထဲက အခန်းကျဉ်းလေးထဲ ဝင်ခဲ့တယ်။

အဲဒီတဲအိမ်မှာ အဘွားအိုတစ်ယောက်ဟာ သူ့ရဲ့ ကြောင်ကလေးရယ်၊ ကြက်မရယ်နဲ့နေတယ်။ မနက်မိုးလင်းတော့ အဲဒီကြောင်နဲ့ ကြက်မဟာ သူတို့အိမ်ထဲကို ရောက်နေတဲ့ အရုပ်ဆိုးတဲ့ ဘဲလေးကို တွေ့သွားတယ်။ ကြောင်ကလေးက တစူးစူးနဲ့ အသံပေးသလို ကြက်မကလည်း တကော်ကော်နဲ့ အော်တယ်။

သူတို့နှစ်ကောင်ဟာ အခန်းထောင့်မှာ ကုတ်နေတဲ့ ဘဲကို ဘာမှမလုပ်ဘူး။ ဒါပေမဲ့ စောင့်ကြည့်နေကြတယ်။ ဒီတော့ အရုပ်ဆိုးတဲ့ ဘဲလေးဟာ အဲဒီအခန်းထောင့်မှာနေရတာ ကျဉ်းကျပ်လာတယ်။ သူဟာ အပြင်ကနေ ရောင်ခြည်အောက်မှာ လွတ်လွတ်လပ်လပ်နဲ့

လေကောင်းလေသန့်ကို ရှူရှိုက်ပြီး ရေကူးခဲ့ရတဲ့ဘဝကို သတိရလာတယ်။ နောက်ဆုံးတော့ ကြက်မကြီးကို စကားစပြီးပြောတယ်။

"အပြင်လောကကြီးဟာ သိပ်ကို သာယာပြီး ရေထဲမှာမျောပြီးသွားနေရတဲ့ အရသာဟာ ဘာနဲ့မှ လဲလို့မရဘူး"လို့ ပြောတယ်။

ကြက်မကတော့ "ဘာတွေလာပြောနေတာလဲ။ နင့်မှာ လုပ်စရာအလုပ် မရှိလို့ အခုလို တောက်တီးတောက်တဲ့ အတွေးတွေ ရောက်နေတာ။ နင့်အလုပ်က ဥဥရမယ်။ ဥတွေကို ဝပ်ရမယ်။ ဒါပဲမဟုတ်လား"လို့ ပြောတယ်။

အရုပ်ဆိုးတဲ့ ဘဲလေးက "ကျွန်တော်ကတော့ ဒီတောကြီးထဲမှာ လျှောက်ပြီးလေ့လာသင့်တယ်လို့ထင်တယ်"လို့ ရှင်းပြတယ်။

ကြက်မကလည်း စိတ်ပျက်လက်ပျက်နဲ့ "ဒါဆိုလည်း နင့်သဘောပဲ လုပ်ချင်တာ လုပ်တော့"လို့ ပြောတယ်။

ဒီလိုနဲ့ ဘဲလေးဟာ အိမ်ထဲကနေ ထွက်ခဲ့တယ်။ သူဟာ ရေပေါ်မှာ ပေါလောပေါ်ပြီး မျှောနေလိုက်၊ ရေထဲခေါင်းငုံ့ပြီး ပြန်ပေါ်လိုက်နဲ့ လုပ်နေတယ်။ သူ့ကို ရုပ်ဆိုးလို့ဆိုပြီး ဝိုင်းကြည့်နေကြတဲ့ သတ္တဝါတွေကတော့ အများကြီးပဲ။

ဒီလိုနဲ့ ဆောင်းဦးရာသီ ရောက်လာတယ်။ တစ်ခုသော ညနေခင်းမှာ နေမင်းကြီးက အနောက်ဘက်အရပ်ကနေဝင်ပြီး သွားနေတဲ့အချိန်မှာ သိပ်ကိုလှတဲ့ ငှက်တစ်အုပ်ဟာ ချုံပုတ်တစ်ခုထဲကနေ ပျံထွက်လာတာ တွေ့ရတယ်။ သူတို့ဟာ အဖြူရောင်ဖြစ်ပြီး လည်ပင်းအရှည်ကြီးတွေရှိတယ်။ သူတို့တွေရဲ့ အတောင်တွေဟာ သိပ်ကိုသန်မာပြီး ကြီးမားကြတယ်။ သူတို့တွေဟာ တောင်ပံတွေကို ဖြန့်ပြီး အေးတဲ့အရပ်ကနေ ပူနွေးတဲ့နေရာကို ပျံသန်းကြတာဖြစ်တယ်။

အရုပ်ဆိုးတဲ့ ဘဲလေးဟာ သူ့လည်ပင်းလေးကို အပေါ်ကိုထောင်ပြီး အဲဒီငှက်တွေကို လိုက်ကြည့်နေတယ်။ သူ့ရဲ့ ပါးစပ်ကနေ အသံလေးထွက်ပြီး ကြောက်ရွံ့စိတ်တွေဖြစ်ပေါ်လာတယ်။ သူဟာ ဒီလောက်လှတဲ့ ငှက်တွေကိုကြည့်ပြီး သိပ်သဘောကျနေတယ်။ ဒီငှက်တွေဟာ ဘယ်လိုမျိုးနွယ်ကမှန်း သူမသိပေမဲ့ သူ့စိတ်ထဲမှာ အဲဒီငှက်တွေကို ရင်းနှီးပြီး ခင်မင်နေမိတယ်။ သူတွေ့ဖူးတဲ့ တခြားသတ္တဝါတွေနဲ့ မတူတာကိုလည်း ခံစားမိတယ်။

ဆောင်းရာသီမှာ သိပ်ကိုချမ်းအေးလှတယ်။ ဘဲလေးဟာ အချမ်းသက်သာဖို့အတွက် ရေထဲမှာကူးပြီး နေခဲ့တာ နောက်ပိုင်းမှာ သူ ရေကူးစရာ ရေကန်ဟာ ရေမရှိတော့ဘဲ ရေခဲပြင်ကြီး ဖြစ်သွားခဲ့တယ်။ သူလည်း ချမ်းလွန်းလို့ ရေခဲတုံးဖြစ်မတတ် ဖြစ်နေပြီဖြစ်တယ်။

အဲဒီမနက်ခင်းမှာ လယ်သမားကြီးတစ်ယောက်ဟာ ဘဲလေးကို တွေ့သွားတယ်။ လယ်သမားကြီးဟာ ရေခဲတွေဝိုင်းနေတဲ့ ဘဲဘေးက ရေခဲတွေကို သူ့ရဲ့ဖိနပ်နဲ့ ဆောင့်ပြီးခွဲလိုက်တယ်။ ပြီးတော့ ဘဲလေးကိုချီပြီး အိမ်

ကိုယူသွားတယ်။ သူ့အိမ်ရောက်တော့ လယ်သမားကြီးရဲ့ဇနီးက မီးဖိုဘေးမှာ ဘဲလေးကို နွေးနွေးထွေးထွေးဖြစ်အောင် ပြုစုပေးတယ်။ ဒါနဲ့ ဘဲလေးဟာ အသက်ပြန်ရှင်သွားတယ်။ လယ်သမားကြီးရဲ့ ကလေးတွေဟာ ဘဲလေးနဲ့ ကစားကြတယ်။ ဘဲလေးဟာ ကြောက်လွန်းလို့ ကလေးတွေရဲ့ လက်ထဲကနေ ထွက်ပြေးတာ နွားနို့အိုးကို တိုက်မိပြီး နို့တွေဖိတ်ကုန်တယ်။ နောက် သူဆက်ပြီးပြေးတော့ ထောပတ်အိုးထဲ ရောက်သွားတယ်။ အဲဒီကနေ ထမင်းစားပွဲပေါ် လျှောက်ပြေးတယ်။ အစကတည်းက ရုပ်ဆိုးပါတယ်ဆိုတဲ့ ဘဲလေးဟာ အခုလို ပေကျံနေတဲ့အတွက် ဘယ်လောက်များ ကြောက်စရာဖြစ်နေမလဲဆိုတာ စဉ်းစားစရာပါပဲ။

လယ်သမားကြီးရဲ့ မိန်းမဟာ လန့်ပြီး ဘဲလေးကို မောင်းထုတ်တယ်။ ကလေးတွေက တစ်ယောက်တစ်လှည့် ဖမ်းကြတယ်။ ကံကောင်းချင်တော့ တံခါးပေါက်ကြီးက ဖွင့်ထားလို့ ဘဲလေးဟာ အဲဒီတံခါးကနေ ချုံပုတ်တွေဆီ ပျံပြေးတယ်။ ပြီးတော့ ဆီးနှင်းတွေပေါ်ရောက်သွားပြီး မောလွန်းလို့ အသက်ကို ကြိုးစားပြီးရှူနေရတယ်။

ဘဲလေးအတွက် အလွန်အေးတဲ့ဆောင်းတွင်းကို ဆင်းရဲစွာနဲ့ ကျော်ဖြတ်ခဲ့ရတယ်။ ဒီလိုနဲ့ နေရဲ့အလင်းရောင် နွေးနွေးလေး ထွက်လာတဲ့အခါမှာ ရွှံ့နွံတောထဲကို တိုးဝင်ပြီး သူ့ကိုယ်သူ သန့်စင်တယ်။

အဲဒီလို သန့်စင်ရင်းနဲ့ သူ့ရဲ့ အတောင်နှစ်ဖက်ကို ဖြန့်လို့ရတာ တွေ့ရတယ်။ သူ့ရဲ့ အတောင်ပံနှစ်ဖက်ဟာ သိပ်ကိုသန်မာပြီး အတောင်ပံကို ဖြန့်လိုက်ကြဲ့လိုက် လုပ်တဲ့အခါမှာ အရှိန်ရတာကို တွေ့ရတယ်။ ဘဲလေးဟာ တောင်ပံတဖျပ်ဖျပ်ခတ်ပြီး ပျံသွားလိုက်တာ အလွန်ကြီးတဲ့ ပန်းခြံတစ်ခုက ရေကန်ကို ရောက်သွားတယ်။

သူ့ရဲ့ရှေ့မှာ သိပ်ကိုလှတဲ့ ငန်းသုံးကောင်ကို တွေ့တယ်။ သူတို့တွေဟာ ရေပေါ်မှာ ပေါ့ပေါ့ပါးပါးလေးပဲ ပျံနေကြတယ်။ အရုပ်ဆိုးတဲ့ ဘဲလေးဟာ ချက်ခြင်းပဲ ဒီကြီးမားတဲ့ ငန်းတွေကို မှတ်မိသွားတယ်။ သူ့ရဲ့စိတ်ထဲမှာလည်း ငန်းကြီးတွေနဲ့ စိတ်ချင်း ရင်းနှီးမှုရှိတာကို ခံစားရတယ်။

"ငါ သူတို့ဆီပျံသွားရင် ဒီလှပတဲ့ ငန်းကြီးတွေက ငါ့ကို အရုပ်ဆိုးလို့ ဝိုင်းပြီးထိုးဆိတ်ကြမှာ သေချာတယ်။ ငါ့ကို တခြားဘဲတွေက အရုပ်ဆိုးလို့ အထင်သေးတာ ထိုးဆိတ်ကြတာနဲ့ နှိုင်းယှဉ်ရင် ဒီငန်းလှလှကြီးတွေ ထိုးဆိတ်လို့ သေသွားတာက ကောင်းပါသေးတယ်"

အဲဒီလိုတွေးမိပြီး အရုပ်ဆိုးတဲ့ ဘဲလေးဟာ ရေကန်ဆီကို ပျံသန်းပြီး ရေကန်ထဲမှာ ရေကူးရင်း ငန်းတွေဆီကို တိုးကပ်သွားတယ်။ ငန်းတွေဟာ သူတို့ဆီကိုလာနေတဲ့ ဘဲလေးကို တွေတဲ့အခါ သူတို့ရဲ့ အတောင်တွေဖြန့်ပြီး ပြေးလာကြတယ်။

အရုပ်ဆိုးတဲ့ ဘဲလေးဟာ "ငါ့ကို သတ်တော့မယ်၊ သတ်ကြတော့မယ်" လို့အော်ပြီး

mgyoe.com

သူ့ခေါင်းကို ရေထဲမှာနှစ်ဖို့ လုပ်လိုက်တယ်။ အဲဒီအခါမှာ ရေထဲမှာပေါ်လာတဲ့ သူ့ရဲ့ပုံရိပ်ကို တွေ့ရတယ်။

ရေထဲက သူ့ရဲ့ပုံရိပ်ဟာ သူထင်ထားသလို ဖိုးရိုးဖားယား မီးခိုးရောင်ရင့်ရင့်နဲ့ အလွန်အရုပ်ဆိုးတဲ့ ဘဲလေးမဟုတ်တော့ပါဘူး။ သူဟာ ငန်းတစ်ကောင်ဖြစ်နေပါပြီ။ သူ့ဘေးမှာ သိပ်ကို ကိုယ်ခန္ဓာကြီးမားတဲ့ ငန်းတွေက ဝိုင်းရံလို့နေတယ်။ သူတို့ဟာ သူတို့ရဲ့ နှုတ်သီးတွေနဲ့ သူ့ကိုပွတ်ပြီး နှုတ်ဆက်နေကြတယ်။

မကြာမီမှာပဲ ကလေးတစ်စုဟာ ပေါက်ပေါက်တွေ၊ ပေါင်မုန့်အပိုင်းအစတွေ ယူလာပြီး ငန်းတွေရှိတဲ့ ရေကန်ထဲကို ပစ်ချပြီး အစာကျွေးကြတယ်။ အဲဒီလိုကျွေးကြရင်း ကလေးအုပ်စုထဲက အငယ်ဆုံးကလေးလေးက အသစ်ရောက်လာတဲ့ ငန်းလေးကို လက်ညှိုးထိုးပြီး "ဟိုမှာ ငန်းအသစ်လေးတစ်ကောင်"လို့ အော်ပြောလိုက်တယ်။ ကလေးတွေက သူတို့ရဲ့ ငန်းအုပ်စုထဲကို ငန်းအသစ်တစ်ကောင် တိုးပြီးရောက်လာတာကို ပျော်လွန်းလို့ ခုန်ပေါက်ကခုန်ကြတယ်။

အသစ်ရောက်လာတဲ့ ငန်းလေးဟာ ရှက်သွားပြီး သူ့ရဲ့ခေါင်းကို အတောင်တွေနဲ့ ကွယ်လိုက်တယ်။ သူဟာ ငယ်စဉ်တုန်းက တခြားသူတွေရဲ့ ငြူစူတာ၊ ပြောဆိုတာ၊ ကဲ့ရဲ့တာတွေ ခံခဲ့ရတာကို စဉ်းစားမိတယ်။ အခုတော့ သူ့ကို လူတိုင်းက ဒီလောကလှတဲ့ ငန်းတွေရဲ့ အုပ်စုထဲမှာတောင် အလှဆုံးငန်းလို့ အသိအမှတ်ပြုတာ ခံနေရပြီဖြစ်တယ်။ သူဟာ သူ့ရဲ့ တောင်ပံနှစ်ဖက်ကို ဖြန့်လိုက်ပြီး ငုတ်နေတဲ့ လည်တံလေးကို မော့လိုက်ပြီး ပျော်ရွှင်စွာနဲ့ အခုလို ပြောလိုက်တယ်။

"ငါ အရုပ်ဆိုးတဲ့ ဘဲလေးဘဝတုန်းက အခုလောက် ပျော်ရွှင်ရလိမ့်မယ်လို့ မထင်ခဲ့မိဘူး"

❐

mgyoe.com

mgyoe.com

# ဝက်ဝံသုံးကောင်

ဟိုးရှေးရှေးတုန်းက တောအုပ်ကြီးတစ်ခုထဲက အိမ်လေးတစ်အိမ်ထဲမှာ ဝက်ဝံသုံးကောင် နေထိုင်ကြတယ်။ အကြီးဆုံးဝက်ဝံကြီးက ဖေဖေ ဝက်ဝံကြီးဖြစ်တယ်။ အလတ်အရွယ် ဝက်ဝံကတော့ မေမေ ဝက်ဝံမဖြစ်ပြီး အငယ်ဆုံး ဝက်ဝံကတော့ သားသားဝက်ဝံလေးဖြစ်တယ်။

တစ်ခုသောမနက်ခင်းမှာ မေမေဝက်ဝံမမှာ သူတို့သုံးကောင်စားဖို့ မနက်စာ နို့ထမင်းဆန်ပြုတ် ချက်နေတယ်။ မနက်စာကျက်တော့ ဖေဖေဝက်ဝံကြီးအတွက် ပန်းကန်အကြီးကြီးထဲမှာထည့်တယ်။ မေမေဝက်ဝံမအတွက်တော့ အလတ်စား ပန်းကန်နဲ့ထည့်တယ်။ အသေးဆုံးပန်းကန်လေးထဲမှာတော့ သားသားဝက်ဝံလေးအတွက် ဆန်ပြုတ်ထည့်တယ်။

အဲဒီလို ဆန်ပြုတ်တွေ ပန်းကန်တွေထဲထည့်ပြီးတဲ့အခါမှာ ဆန်ပြုတ်ဟာ သိပ်ကိုပူနေတယ်၊ ဒါကြောင့် သူတို့ဝက်ဝံမိသားစုဟာ ဆန်ပြုတ်ကို အေးအောင်ထားခဲ့ပြီး တောထဲကို လမ်းလျှောက်ထွက်ခဲ့တယ်။

အဲဒီနေ့မှာပဲ 'ဂိုဒီလော့'လို့ခေါ်တဲ့ ကလေးမလေးဟာ တစ်ယောက်တည်း လမ်းလျှောက်ထွက်လာတယ်။ သူ့မေမေက 'ဂိုဒီလော့'ကို အိမ်ကနေ အဝေးကြီးကို လမ်းမလျှောက်ဖို့ မှာထားတယ်။ အဲဒီနေ့ကတော့ 'ဂိုဒီလော့'ဟာ သူ့မေမေ မှာထားတဲ့နေရာထက်ကို ကျော်လွန်ပြီး အဝေးကြီးကို လမ်းလျှောက်ထွက်တယ်။ ဒါကြောင့် သူဟာ တစ်ခါမှ မရောက်ဘူးတဲ့ တောနက်ထဲကို ရောက်သွားပြီး မျက်စိလည်နေတယ်။

အဲဒီလို မျက်စိလည် လမ်းမှားပြီး လျှောက်သွားနေရင်းနဲ့ တောထဲမှာ အလွန်သပ်ရပ်တဲ့ အိမ်လေးတစ်လုံးကို သွားတွေ့တယ်။

'ဂိုဒီလော့'က "ဒီလောက်ဝေးတဲ့ တောထဲမှာ ဘယ်သူနေတဲ့ အိမ်များပါလိမ့်"လို့ စဉ်းစားမိတယ်။

mgyoe.com

ကလေးမလေးဟာ အိမ်တံခါးကိုသွား ပြီးခေါက်တယ်။ ဒါပေမဲ့ ဘယ်သူမှ ထွက် မလာဘူး။ ဒါကြောင့် 'ဂိုဒီလော့'ဟာ တံခါး ကိုတွန်းပြီး အထဲကိုဝင်ခဲ့တယ်။ အိမ်ရှေ့ခန်း ထဲမှာလည်း ဘယ်သူမှမရှိဘူး။ ဒါပေမဲ့ ဧည့် ခန်းလေးဟာ သပ်သပ်ရပ်ရပ်နဲ့ နေချင်စဖွယ် လေးဖြစ်နေတာ တွေ့ရတယ်။ ဒါကြောင့် 'ဂိုဒီလော့'ဟာ အဲဒီဧည့်ခန်းက ကုလားထိုင် တစ်ခုမှာ ထိုင်ချလိုက်တယ်။

ပထမဆုံး သူထိုင်လိုက်တာက ဖေဖေ ဝက်ဝံကြီးရဲ့ ကုလားထိုင်ဖြစ်တယ်။

"ဒီကုလားထိုင်ကြီးက မာလိုက်တာ" လို့ ဂိုဒီလော့က ပြောတယ်။

နောက်တော့ အလတ်စားအရွယ် မေမေ ဝက်ဝံမရဲ့ ကုလားထိုင်မှာ ပြောင်းထိုင်လိုက် တယ်။

"ဒီကုလားထိုင်က နူးညံ့လွန်းတယ်" လို့ပြောလိုက်တယ်။

နောက်ဆုံးမှာတော့ သားသားဝက်ဝံ ကလေးရဲ့ ကုလားထိုင်သေးသေးမှာ ထိုင် လိုက်တယ်။

"ဟာ... ဒါက ကျွန်မနဲ့ အတော်ပါပဲ" လို့ ပြောလိုက်တယ်။

သူ အဲဒီလိုပြောပြီး အားရပါးရ ထိုင်ချ လိုက်တာ။ သားသားဝက်ဝံလေးရဲ့ ကုလား ထိုင်ဟာ ကျိုးသွားတယ်။

ဂိုဒီလော့ဟာ ဧည့်ခန်းကနေတစ်ဆင့် ထမင်းစားခန်းဘက်ကို ဆက်ပြီးသွားတယ်။ ထမင်းစားခန်းထဲက ထမင်းစားပွဲပေါ်မှာတော့



စောစောက မေမေဝက်ဝံမ ချက်ပြုတ်ပြီး အအေးခံထားတဲ့ ဆန်ပြုတ်ပန်းကန်သုံးလုံး ကိုတွေ့တယ်။ ဆန်ပြုတ်ပန်းကန်ထဲက မွှေး ကြိုင်နေတဲ့ အနံ့ကြောင့် ဂိုဒီလော့ဟာ အဲဒီ ဆန်ပြုတ်တွေကို မြည်းကြည့်ဖို့လုပ်တယ်။

ပထမဆုံး ဂိုဒီလော့ဟာ ပန်းကန်ကြီး ကြီးနဲ့ ထည့်ထားတဲ့ ဖေဖေဝက်ဝံကြီးရဲ့ ဆန် ပြုတ်ကို မြည်းကြည့်တယ်။

"ဒီဆန်ပြုတ်က ပူလိုက်တာ"လို့ပြော လိုက်တယ်။

နောက် အလတ်စား ပန်းကန်နဲ့ထည့် ထားတဲ့ မေမေဝက်ဝံမရဲ့ ပန်းကန်ကို မြည်း တယ်။

"ဒီဆန်ပြုတ်က အေးလွန်းတယ်"လို့ ပြောလိုက်တယ်။

နောက်ဆုံးမှာ သားသားဝက်ဝံလေးရဲ့

mgyoe.com

ပန်းကန်သေးသေးထဲက ဆန်ပြုတ်ကိုမြည်း လိုက်တယ်။

"ဟာ ဒီဆန်ပြုတ်ကတော့ ကျွန်မ အတွက် အကောင်းဆုံးပဲ"လို့ ပြောပြီး ပန်း ကန်ထဲမှာရှိတဲ့ ဆန်ပြုတ်တွေအားလုံး သောက်လိုက်တယ်။

ဂိုဒီလော့ဟာ ဆန်ပြုတ်သောက်ပြီးတော့ အိမ်ပေါ်ထပ်ကို တက်ခဲ့တယ်။ အိမ်အပေါ် ထပ်မှာလည်း လူတစ်ယောက်မှ မတွေ့ရဘူး။ ဒါပေမဲ့ အပေါ်ထပ်မှာ အနားယူလှဲလျောင်း စရာကောင်းတဲ့ ခုတင်သုံးလုံးကို တွေ့ရ တယ်။

ပထမဆုံး ဂိုဒီလော့ဟာ ဖေဖေဝက်ဝံ ကြီးရဲ့ ခုတင်အကြီးကြီးပေါ်မှာ လှဲအိပ်လိုက် တယ်။

"ဒီအိပ်ရာကြီးက မာလိုက်တာ"လို့



ပြောလိုက်တယ်။

နောက် ဂိုဒီလော့ဟာ မေမေဝက်ဝံမရဲ့ အလတ်စား ခုတင်ပေါ်မှာ အိပ်ကြည့်ပြန် တယ်။

"ဒီအိပ်ရာက ပျော့လွန်းတယ်"လို့ပြော တယ်။

နောက်ဆုံးမှာ သားသားဝက်ဝံလေးရဲ့ ခုတင်သေးသေးမှာ အိပ်ဖို့ဟန်ပြင်တယ်။

"ဟာ... ဒီအိပ်ရာလေးက ကျွန်မနဲ့ အတော်ပဲ"လို့ ပြောလိုက်တယ်။ ပြီးတော့ ဂိုဒီလော့ဟာ ခုတင်ပေါ်မှာ ကွေးကွေးလေး အိပ်ပျော်သွားတယ်။

အဲဒီအချိန်မှာပဲ ဝက်ဝံသုံးကောင်ဟာ လမ်းလျှောက်ရာကနေ ပြန်လာတယ်။ သူတို့ ဟာ အိမ်ထဲဝင်လိုက်တာနဲ့ တစ်ယောက် ယောက်ဟာ သူတို့အိမ်ထဲဝင်တာကို ချက် ချင်းသိတယ်။

ဖေဖေဝက်ဝံကြီးဟာ ကျယ်လောင်တဲ့ အသံကြီးနဲ့ "ငါ့ကုလားထိုင်မှာ တစ်ယောက် ယောက် ထိုင်ထားတယ်"လို့ပြောလိုက်တယ်။

မေမေဝက်ဝံကလည်း "ကျွန်မကုလား ထိုင်မှာလည်း တစ်ယောက်ယောက် ထိုင်သွား တယ်"လို့ပြောတယ်။

သားသားဝက်ဝံလေးကတော့ "သား သား ကုလားထိုင်မှာလည်း တစ်ယောက် ယောက် ထိုင်သွားတယ်"လို့ အသံတိုးတိုး လေးနဲ့ပြောတယ်။ နောက်ပြီး ကျိုးသွားတဲ့ သူ့ကုလားထိုင်ရဲ့ အပိုင်းအစတွေကို ကောက် ယူလိုက်တယ်။

mgyoe.com

 mgyoe.com





နောက်တော့ ဝက်ဝံသုံးကောင်ဟာ သူတို့ အအေးခံထားတဲ့ ဆန်ပြုတ်တွေထားတဲ့ ထမင်းစားခန်းကို လာကြတယ်။

ဖေဖေဝက်ဝံကြီးက "ငါ့ဆန်ပြုတ်ကို တစ်ယောက်ယောက် သောက်ထားတယ်"လို့ အသံကျယ်ကြီးနဲ့ ပြောလိုက်တယ်။

မေမေဝက်ဝံမက "ကျွန်မရဲ့ ဆန်ပြုတ်ကိုလည်း တစ်ယောက်ယောက် သောက်ထားတယ်"လို့ နူးနူးညံ့ညံ့လေး ပြောလိုက်တယ်။

သားသား ဝက်ဝံလေးကတော့ အသံတိုးတိုးလေးနဲ့ "သားသား ဆန်ပြုတ်တွေ တစ်ယောက်ယောက်က သောက်လိုက်တာ ကုန်သွားပြီ"လို့ ပြောလိုက်တယ်။

ဝက်ဝံသုံးကောင်ဟာ အိမ်အပေါ်ထပ်ကို အပြေးအလွှားတက်ပြီး သွားကြတယ်၊

ဖေဖေဝက်ဝံကြီးက "ငါ့အိပ်ရာမှာ တစ်ယောက်ယောက် အိပ်သွားတယ်"လို့ အကျယ်ကြီး အော်ပြောတယ်။

မေမေဝက်ဝံမက "ကျွန်မခုတင်မှာလည်း တစ်ယောက်ယောက် အိပ်သွားတယ်" လို့ နူးနူးညံ့ညံ့လေး ပြောလိုက်တယ်။

သားသားဝက်ဝံက သူ့ရဲ့ အသံတိုးတိုးလေးနဲ့ "သားသားခုတင်ပေါ်မှာ တစ်ယောက်ယောက် အိပ်နေတယ်"လို့ ပြောလိုက်တယ်။ ပြီးတော့ "ဒီမှာလာကြည့်ပါဦး။ ကောင်မလေးတစ်ယောက်ဗျ"လို့ ဆက်ပြောတယ်။

အဲဒီအချိန်မှာပဲ ဂိုဒီလော့ဟာ အိပ်ရာက နိုးလာတယ်။ သူ အိပ်ရာကနိုးနိုးချင်း သူ့ဘေးမှာ ဖေဖေဝက်ဝံကြီးရယ်၊ မေမေ ဝက်ဝံမရယ်၊ သားသားဝက်ဝံကလေးရယ်ဟာ သူ့ကိုဝိုင်းပြီး ကြည့်နေတာ တွေ့ရတယ်။ ဂိုဒီလော့ဟာ ခုတင်သေးသေးလေးပေါ်က ရုတ်တရက် ထလိုက်ပြီး ဝက်ဝံသုံးကောင် သူ့ကို ဘာမှမလုပ်နိုင်ခင် အပြေးလေးထွက်ခဲ့တယ်။ သူဟာ လှေကားတွေကတစ်ဆင့် ဧည့်ခန်း၊ ဧည့်ခန်းက တစ်ဆင့် တံခါးပေါက်ဆီကို ပြေးပြီး အပြင်ကို ရောက်ခဲ့တယ်။

ဂိုဒီလော့ဟာ ကြောက်လွန်းလို့ နောက်လှည့်မကြည့်ဘဲ ပြေးလိုက်တာ သူ့အိမ်လေးကို ရောက်တဲ့အထိပါပဲ။ အဲဒီအချိန်ကစပြီး ဂိုဒီလော့ဟာ တောနက်ထဲကို တစ်ယောက်တည်း လမ်းလျှောက်မထွက်တော့ဘူး။ ဒါကြောင့်လည်း အလွန်သပ်သပ်ရပ်ရပ်ရှိတဲ့ ဝက်ဝံလေးသုံးကောင်ရဲ့ အိမ်လေးကိုလည်း ဘယ်တော့မှ မတွေ့ရတော့ပါဘူး။

mgyoe.com

mgyoe.com

# တောင်ဆိတ်သုံးကောင်



ဟိုးရှေးရှေးတုန်းက ဘီလီဂရပ်လို့ခေါ်တဲ့ တောင်ဆိတ်မျိုးနွယ် ဆိတ်သုံးကောင်ရှိတယ်။ သူတို့ဟာ တောင်ကုန်းတစ်ခုရဲ့ ဆားမှာ နေထိုင်ကြတယ်။ သူတို့နေတဲ့ နေရာလေးဟာ အချိန်ကြာလာတာနဲ့အမျှ စားစရာရှားပါးလာတယ်။ သူတို့နေတဲ့တောင်ရဲ့ တစ်ဖက်မှာ စိမ်းလန်းစိုပြည်တဲ့ မြက်ခင်းပြင်တစ်ခုရှိတယ်။ အဲဒီမြက်ခင်းလွင်ပြင်ကို သွားဖို့ရာ တံတားတစ်ခုကို ကျော်ဖြတ်ရမယ်။ အဲဒီတံတားအောက်မှာ အလွန်ဆိုးတဲ့ မှင်စာကြီး ရှိတယ်။

တစ်နေ့မှာ အငယ်ဆုံးညီငယ် ဆိတ်က မြက်ခင်းဆီကိုသွားဖို့အတွက် အဲဒီတံတားကို ဖြတ်ဖို့လုပ်တယ်။

အဲဒီလို ဖြတ်ဖို့လျှောက်လာတဲ့အခါ တံတားအောက်က မှင်စာကြီးက "ငါ့တံတားပေါ်ကနေ တဝ္ဂပ်ဂွပ်နဲ့ ဘယ်သူလဲ"လို့ မေးလိုက်တယ်။

ညီငယ်ဆိတ်က ညင်သာတဲ့အသံလေးနဲ့ "ကျွန်တော်ဟာ အငယ်ဆုံးညီငယ်ဆိတ်လေးပါ"လို့ ပြန်ဖြေတယ်။

မှင်စာကြီးက "ဟာ... တယ်ဟုတ်ပါလား။ ငါ တံတားပေါ်တက်ပြီး မင်းကို စားရတာပေါ့"လို့ ပြောလိုက်တယ်။

ညီငယ်ဆိတ်ဟာ ချက်ချင်းပဲ "ကျွန်တော့်ကို မစားပါနဲ့ခင်ဗျာ။ ကျွန်တော့်နောက်က ညီလတ်ဆိတ် လာပါလိမ့်မယ်။ သူဟာ ကျွန်တော့်ထက် အသက်လည်းကြီးတယ်။ ပိုပြီးလည်း ထွားပါတယ်"လို့ပြောလိုက်တယ်။

ဒါနဲ့ မှင်စာကြီးဟာ မကျေမနပ်နဲ့

mgyoe.com